## အရှေ့ကနေဝန်းထွက်သည့်ပမာ စာအုပ်ဖြင့် ၁၉၅၈ ခုနှစ်တွင် စာပေဗိမာန်ဝတ္ထုရှည်ဆု ရရှိသည့် အခမ်းအနား၌ ဦးသိန်းဖေမြင့် ပြောသည့်စကား

မိတ်ဆွေခင်ဗျား …

ခုလို ဆုရလို့ ဝမ်းသာကြောင်း အထူးပြောဖို့ လိုမယ်မထင်ပါဘူး။ ကျွန်တော့်အဖို့ ‘အရှေ့ကနေဝန်းထွက်သည့်ပမာ’ ဝတ္ထု ရေးသားပြီးစီးသွားကတည်းက ကျွန်တော့်ဘဝမှာ မည်မည်ရရ လက်ညှိုးထိုးပြစရာ ဖြစ်မြောက်အောင်မြင်မှုတစ်ခု ရရှိသွားပြီဆိုပြီး အထူးတလည် ဝမ်းသာအားရ ဖြစ်ခဲ့ရပါပြီ။

‘အရှေ့ကနေဝန်းထွက်သည့်ပမာ’ ကို ဘာကြောင့်ရေးသလဲ။ ၁၉၃၆ ခုနှစ်မှ ၁၉၄၂ ခုထိ ဖြစ်ပေါ်ခဲ့တဲ့ မြန်မာ့လွတ်လပ်ရေးတိုက်ပွဲသမိုင်းနှင့် ထိုသမိုင်းထွန်းပြောင်ခြင်းရဲ့ သော့ချက်ဖြစ်တဲ့ နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားညီညွတ်ရေးကို ပြည်သူလူထုထံ အကျယ်ပြန့်ဆုံး လက်လှမ်းမီသောနည်းဖြင့် မှတ်တမ်းတင်ချင်လို့ ရေးသားခဲ့ခြင်းဖြစ်ပါတယ်။

အဲဒီလွတ်လပ်ရေးတိုက်ပွဲရဲ့ အဝန်းအဝိုင်းအတွင်းမှာ လူတန်းစားအသီးသီး ပါဝင်ကြပါတယ်။ ဇာတ်ကောင်များ ရွေးတဲ့အခါမှာ လူတန်းစားအသီးသီး၊ ထောင့်ကွက်အသီးသီးမှ ပါဝင်အောင် ရွေးရပါတယ်။ ဒါကြောင့် ကမာရွတ်က ဘူးသီးကြော်သည်မကြီးအကြောင်း၊ မင်္ဂလာမ်းက ကုန်သည်ကြီး ဒေါ်မြမှီအကြောင်း၊ မီးရထားအလုပ်သမားနှင့် တောင်သူလယ်သမားများအကြောင်း၊ သခင်နှင့် ကျောင်းသားခေါင်း



ဆောင်များအကြောင်း စုံနေအောင် ထည့်ရပါတယ်။

တက္ကသိုလ်ကျောင်းသားကို ဇာတ်လိုက်လုပ်ထားလိုက်ပါတယ်။ စာရေးဆရာ အပိုင်ဆုံးဘဝဖြစ်လို့ တက္ကသိုလ်ကျောင်းသားကို ဇာတ်လိုက်လုပ်လိုက်ခြင်းပါပဲ။ ဘဝလမ်းခရီးမှာ တွေဝေယိမ်းယိုင်တတ်ပြီး စမ်းတဝါးဝါးနှင့် လျှောက်သွားရာက ခိုင်မာ တည်ငြိမ်တဲ့ လုလင်ပျိုဖြစ်သည်အထိ ဖော်ပြရပါတယ်။ နိုင်ငံရေးနှင့် လူမှုရေးဘဝမှာ မတည်ငြိမ်၊ မခိုင်မာမီ လူတစ်ယောက်အနေနှင့် မိန်းမအမျိုးမျိုးတွေ့ရမှာဟာ ထုံးစံပဲ။ ဒါကြောင့် အမျိုးသမီးဇာတ်လိုက် များခြင်း ဖြစ်ပါတယ်။ ချဉ်ပေါင်ရွက်သည်မောင်မှိုင်း အားကျလို့ မဟုတ်ပါဘူး။

တကယ့်လွတ်လပ်ရေးတိုက်ပွဲသမိုင်း ရေးတယ်ဆိုကတည်းက တိုက်ပွဲမှာ ထင်ရှားတဲ့ပုဂ္ဂိုလ်တွေ မထည့်လို့ မဖြစ်ဘူး။ ဒီတော့ အရှေ့က နေဝန်းထွက်သည့်ပမာထဲက ကိုကြီးနုဟာ ဇာတ်လိုက်တစ်ယောက်ဖြစ်သလို၊ သခင်စိုးလည်း ဇာတ်လိုက်တစ်ယောက်အဖြစ်နဲ့ ပါဝင်နေတယ်။ သခင်အောင်ဆန်း၊ သခင်သန်းထွန်း၊ ကိုလှရွှေ၊ ကိုလှဖေ စသည်တို့လည်း ဇာတ်လိုက်တွေပဲ။ ဒီအထဲမှာ တက်ဘုန်းကြီးသိန်းဖေကလည်း ကားယား ကားယား ပါနေလေတော့ သိန်းဖေကို သိန်းဖေမြင့်က ချန်ထားလို့ မရဘူး။ ဝတ္ထုတစ်ပုဒ်လုံးကို ‘ကျွန်တော်မောင်တင်ထွန်းသည်’ ဟူသော ကိုယ်တွေ့ ပြောပြနည်းဖြင့် ရေးထားတယ်။ ဒီတော့ ကျွန်တော် မောင်တင်ထွန်းရယ်၊ တက်ဘုန်းကြီးသိန်းဖေရယ်၊ စာရေးဆရာ သိန်းဖေမြင့်ရယ် အားလုံး ရောထွေးကုန်ပြီး တချို့က အရှေ့ကနေဝန်းထွက်သည့်ပမာဟာ ဝတ္ထုဖြစ်တယ်လို့မထင်။ ဆောင်းပါးရှည်ကြီး လို့ ထင်သူကထင်။ ကိုယ်တွေ့ရာဇဝင်လို့ ထင်လိုထင် ဖြစ်ကုန်ပါတယ်။

တကယ်တော့ အစအဆုံး ထပ်ဖတ်ကြည့်ကြပါဦး။ ဝတ္ထုအစစ်ဖြစ်ကြောင်း တွေ့ကြရပါလိမ့်မယ်။ ဝတ္ထုရေးဆရာဆိုတာ ကလဖန်ထိုးသူပဲ။ သူ့အကြောင်း၊ ကိုယ့်အကြောင်း၊ သူ့စိတ်ကူး၊ ကိုယ့်စိတ်ကူး၊ ဟိုအဖြစ်အပျက်၊ ဒီအဖြစ်အပျက်တည်းဟူသော ဖဲချပ်များကို ရောစု ကုလားဖန်ထိုးလိုက်ကြတာဟာ ဝတ္ထုရေးဆရာရဲ့ အလုပ်ပါပဲ။ ကုလားဖန်အထိုးကောင်းလေ ဝတ္ထုကောင်းလေပဲ။

ဇာတ်လိုက်မောင်တင်ထွန်းကတော့ အဲဒီခေတ်တုန်းက ကိုကြီးနု



နောက်မှာ ရဲဘော် ရဲဘက်အဖြစ် လိုက်ခဲ့ကြတဲ့ အလယ်အလတ်တန်းစား ကျောင်းသားခေါင်းဆောင် ကလေးတွေရဲ့ ကိုယ်စားလှယ်အဖြစ်ဖြင့် အရှေ့ကနေဝန်းထဲမှာ လိုက်ပါလာတာဖြစ်ပါတယ်။ သို့ပေမဲ့ ကျွန်တော် မောင်တင်ထွန်း၊ သိန်းဖေနှင့် သိန်းဖေမြင့်တို့ကို ရောထွေးထားသူတို့ကတော့ ကျွန်တော့်ကို မေးတတ်ကြပါတယ်။ “ဗျို့ ဆရာကြီး၊ ခင်ဗျား မမြမှီကြီး ဘယ်ရောက်သွားပြီလဲတဲ့”။ တကယ်တော့ အရှေ့ကနေဝန်းထဲက ဇာတ်လိုက်တွေ ရှိသမျှထဲမှာ မမြမှီဟာ စာရေးဆရာ စိတ်ကူးဉာဏ်ရဲ့ သမီးကြီးအစစ်ပါပဲ။ သူများမယုံတာ အရေးမကြီးပါဘူး။ ကျွန်တော့်မိန်းမကတော့ ယုံပါတယ်။

ဝတ္ထုနာမည်ရှာရတာ သုံးလေးရက် ကြာပါတယ်။ တွေ့တော့လည်း ‘တို့ဗမာသီချင်း’ထဲက အကောင်းဆုံးနာမည် သွားတွေ့တာပဲ။ မြဝတီမှာ လေးနှစ်ကျော်ကျော် ဇိမ်ဆွဲရေးတယ်။ လေးနှစ်ကျော်ကျော် ရေးတယ်ဆိုပေမဲ့ စိတ်ထဲမှာ ဝတ္ထုဇာတ်အိမ် ဒီဇိုင်း အပြီးဆွဲပြီးသားဖြစ်တယ်။ နိဂုံးတောင် စိတ်ကူးပြီးသားဖြစ်တယ်။ ခုရတဲ့ ဆုငွေကတော့ ဗိုလ်မှူးချုပ်အောင်ကြီးကို အပ်ရမှာပဲ။ အရှေ့တောင်အာရှ ကျွန်းဆွယ် အားကစားပြိုင်ပွဲအတွက် ဝတ္ထုတစ်ပုဒ်ရေးပြီး ငွေတစ်ထောင် ထည့်မယ်လို့ ကတိပေးထားခဲ့တယ်။ ခုတော့ အသစ်ရေးဖို့ မလိုတော့ဘူး။ စာရေးဆရာဆိုတာ စာမရေးဘဲ ခိုနေလို့ရရင် ခိုနေချင်တဲ့ ဉာဉ်ဆိုးရှိတယ်။ စာရေးဆရာလောကမှာလည်း အဲဒီဉာဉ်ဆိုးကလေး ပျောက်ကွယ်ပါစေဟု ဆုတောင်းရင်း နိဂုံးချုပ်လိုက်ပါတယ်။ ။